## တရုတ်-မြန်မာနယ်စပ်။ ။

# တစ်ကတ်တည်းစနစ်ဖြင့် ကလေးငယ်များအတွက် လွယ်ကူစွာ ပြည်ဝင်ပြည်ထွက်နိုင်

သြဂုတ်လ ၁၉ ရက်တွင် မြန်မာနိုင်ငံလွယ်ဂျယ်မြို့၌ နေထိုင်သော လီယွမ်ယွမ်သည် မနက်စောစောကတည်းက သူငယ်ချင်းလေးများနှင့်အတူ အနုပညာတင်ဆက်ပွဲကို ကြည့်ရှုရန် တရုတ်ပြည်တွင်းသို့ ဝင်ရောက်လာကြသည်။ ကလေးငယ်များသည် အဖြူရောင် ကတ်တစ်ချပ်ကိုင်ဆောင်ပြီး တစ်မိနစ်ပင် မလိုဘဲ တရုတ်နိုင်ငံ ကျန်းဖုန့်နယ်စပ်ဂိတ်သို့ ဝင်လာတော့သည်။ ဥပဒေအရ နိုင်ငံသားစိစစ်ရေး ကတ်ပြားလျှောက်ထားရန် အရွယ်မရောက်သေးသူများအတွက် ယင်းကလေးငယ်များသည် မည်သို့ပင် ပြည်ဝင်ကြသနည်း။ အဖြူရောင်ကတ်ကလေးဆိုသည်မှာအဘယ်နည်း။ ၎င်းအတွက် သတင်းထောက်သည် ကျန်းဖုန့်နယ်စပ်ဂိတ်ရှိ နယ်စပ်ကာကွယ်ရေးတပ်ဖွဲ့မှ တပ်မျူးတပ်သားများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ဒီအဖြူရောင် ကတ်ကလေးဟာ ကျွန်တော်တို့ဂိတ်က ကိုယ်တိုင်ဆန်းသစ်တီထွင်ထားသော တစ်ကတ်တည်းစနစ်ဖြင့်ပြည်ဝင်ပြည်ထွက်ရန် ကတ်ပြားဖြစ်တယ်"ဟု ယူနန်ကျန်းဖုန့်နယ်စပ် ဂိတ်မှ ဝန်ထမ်းဖြစ်သူ ညူစုစိမ်းက မိတ်ဆက်လိုက်သည်။ အသက်(၁၈)နှစ် မပြည့်သေးသဖြင့် မြန်မာနိုင်ငံအစိုးရမှ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်မှာ မဟုတ်ပါကြောင်း၊ ကလေးငယ်များသည် လူကြီး၏ဦးဆောင်မှု မရှိပါက ပြည်ဝင်ခွင့်မပြုနိုင်ကြောင်း ၎င်းကပြောသည်။ "မြန်မာနိုင်ငံ လွယ်ဂျယ်မြို့မှာ များလှတဲ့ ကလေးငယ်တို့ဟာ တရုတ်ပြည်တွင်းမှာ ကျောင်းနေကြတယ်။ ကလေးငယ်များ လွယ်ကူစွာ ကျောင်းတက်စေဖို့ ကျွန်တော်တို့က တစ်ကတ်တည်း စနစ်နဲ့ ပြည်ဝင် ပြည်ထွက်တဲ့ ကတ်ပြားကို ကိုယ်တိုင် ဆန်းသစ်တီထွင်လိုက်တယ်" ဟုညူစုစိမ်းကပြောသည်။ ၂၀၁၃ ခုနှစ်တွင် လေ့လာသုံးသပ်ပြီးသည့်နောက် တစ်ကတ်တည်းစနစ်ဖြင့် ပြည်ဝင်ပြည်ထွက်ရန် ကတ်ပြားကို စတင်စမ်းသစ်တီထွင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၄ခုနှစ်တွင် တရားဝင် အသုံးပြုနိုင်ခဲ့ကြောင်း၊ ယင်းကတ်တွင် ကလေးငယ်မိဘ၏ သတင်းအချက်အလက်၊ နေရပ်လိပ်စာနှင့် အုပ်ထိန်းသူဆက်သွယ်ရန် ဖုန်းနံပါတ်စသည်တို့ပါဝင်နေကြောင်း၊ ပြည်ဝင်ပြည်ထွက်တိုင်း မြေအောက်ရထားစီးသကဲ့သို့ ကတ်ဖြင့်ဖတ်ရုံနှင့် ဝင်ထွက်နိုင်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

"ကျွန်တော်တို့ ကျောင်းမှာ ကလေးငယ်အယောက် (၁၅၀)တို့က တရုတ်ပြည်တွင်းမှာ မူကြိုတန်း၊ မူလတန်း ကျောင်းတက်နေကြတယ်"။ မြန်မာနိုင်ငံ လွယ်ဂျယ်မြို့တရုတ်အိုဗာစီများ စာသင်ကျောင်းမှ ကျောင်းအုပ်ကြီးလီကျားလုံ၏ မိတ်ဆက်ခြင်းအရ တစ်ကတ်တည်းစနစ် မကျင့်သုံးမီ အဆိုပါကလေးငယ်အယောက် (၁၅၀)တို့သည် တရုတ်ပြည်တွင်းသို့ ကျောင်းလာတက်နေစဉ် လူကြီးများက ၎င်းတို့၏ မြန်မာနိုင်ငံထုတ် ပြည်ဝင်ခွင့် လက်မှတ်ဖြင့် လိုက်ပို့ပေးမှ ပြည်ဝင်ခွင့် ပြုနိုင်ကြောင်းပြောသည်။ "တကယ်လို့ မိဘများမှာ အလုပ်ကိစ္စရှိရင် သူတို့က ပြည်မဝင်နိုင်တော့ဘဲ စာသင်မှုကိုထိခိုက်တတ်တယ်"။ မိဘများ၏သတင်းအချက်အလက် ပါဝင်သဖြင့် တစ်ကတ်တည်းစနစ်ဖြင့် ပြည်ဝင်ပြည်ထွက်ရန် ကတ်ပြားမှာ လူကုန်ကူးမှုမှလည်း ရှောင်ကြဉ်နိုင်မည်ဖြစ်ကြောင်း လီကျားလုံက ယူဆထားသည်။

"တစ်ကတ်တည်း စနစ်အပြင် ကျွန်တော်တို့ကလည်း အထူးလူအုပ်၊ သစ်သီးဝလံ လုပ်ငန်းများအတွက် 'လိမ္မော်၊ အဝါ၊ အပြာ' ဖြစ်သည့်အရောင်သုံးမျိုးတို့ဖြင့်အရေးပေါ် ကယ်ဆယ်ရေးလမ်းကြောင်းဖွင့်လှစ်ပေးပါတယ်"ဟုညူစုစိမ်းကမိတ်ဆက်လိုက်သည်။ အရေးပေါ်အခြေ အနေဖြစ်ပွားရာတွင် လက်တွေ့အခြေအနေပေါ် မူတည်ပြီး (၂၄)နာရီ ဂိတ်ဖြတ်သောအစိမ်းရောင် လမ်းကြောင်းဖွင့်လစ်ပေးမည်ဟု ၎င်းကပြောသည်။ "အခုကျန်းဖုန့်နယ်စပ်ဂိတ်မှာ ပြည်ဝင်ပြည်ထွက်သူ ၉၅%အတွက် စစ်ဆေးရန် အချိန်မှာ (၄၅)စက္ကန့်အတွင်းပြီးစီးရန် ဖော်ဆောင်ပြီးဖြစ်ပါတယ်" ဟုညူစုစိမ်းကပြောသည်။

**ရွှေဝင်**

## ချီစိမ်းတီဗီဖြင့် ရွှေလီထုတ်လုပ်ရေးကို ရှေ့သို့ပိုမိုရောက်အောင် လျှောက်လှမ်းသွားစေ

ရွှေလီမြို့ ချီစိမ်းLEDတီဗီနည်းပညာကုမ္ပဏီလီမိတက်သည် ရွှေလီမြစ်ကမ်းတွင် တည်ရှိနေသည်။ တရုတ်နိုင်ငံအနောက်ပိုင်းဒေသတွင် LED တီဗီ၊ စမတ်ဖုန်း၊ Tablet၊ စီးပွားရေးနှင့် ပညာသင်ကြားရေး စက်ကိရိယာစသည့် ကုန်ပစ္စည်းများကို သုတေသနပြုတီထွင်ထုတ်လုပ်သော ပထမခုမြောက် အကြီးစားအဆင့်မြင့်နည်းပညာ လုပ်ငန်းတစ်ခုဖြစ်သည်။ ကုမ္ပဏီသည် မြန်မာနိုင်ငံနှင့် အနီးကပ်သည့် လက်တွေ့အခြေအနေနှင့် ကိုက်ညီပြီး ထုတ်လုပ်ထားသောကုန်ပစ္စည်းများတွင် မြန်မာစာ လုပ်ဆောင်မှုစနစ်ကိုပင် ထည့်သွင်းထားပါသည်။ နောင်အဆင့်တွင် ကုမ္ပဏီသည် တောင်အာရှ၊ အရှေ့တောင်အာရှ နိုင်ငံများ၏ လုပ်ဆောင်မှုစနစ်ကိုလည်း တီထွင်ထုတ်လုပ်သွားမည်ဖြစ်ပြီး ရွှေလီထုတ်လုပ်ရေးကို ရှေ့သို့ပိုမိုရောက်အောင် လျှောက်လှမ်းသွား စေမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအထိ ချီစိမ်းကုမ္ပဏီသည်အဆိုပါ စီမံကိန်းများအတွက် စုစုပေါင်းယွမ်၃၆သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီး တီဗီထုတ်လုပ်မှုလိုင်းနှစ်လိုင်း၊ လက်ကိုင်ဖုန်းနှင့် Tableအထုတ်လုပ်မှုလိုင်းတစ်လိုင်း၊ ဖုန်မဲ့အလုပ်ရုံတပ်ဆင်မှုလိုင်းတစ်လိုင်းတို့ကို ခေါ်ယူနိုင်ခဲ့သည်။



အလုပ်သမားများက တီဗီတပ်ဆင်ထုတ်လုပ်လိုင်းတွင် အလုပ်လုပ်နေစဉ်။

ဓာတ်ပုံ - ကျိုးချန်

## ရွှေလီမြို့သည် မြန်မာနိုင်ငံကူညီရန်ယွမ်နှစ်သိန်းတန်ဖိုးရှိသောပစ္စည်းများစုတောင်း




မကြာသေးမီ ယူနန်ပြည်နယ် ရွှေလီမြို့အစိုးရမှ စုဆောင်းထားသော ယွမ်နှစ်သိန်းတန်ဖိုးရှိသော ကယ်ဆယ်ရေးပစ္စည်းကို ရွှေလီမြို့ကျယ်ခေါင်ဂိတ်ရှိ နိုင်ငံ့မုခ်ဦးတွင် မြန်မာ့အစိုးရအားလွှဲပြောင်းပေးအပ်ခဲ့ပြီး မြန်မာ့အစိုးရမှ တစ်ဆင့် ရေဘေးသင့် ဒေသများသို့ တင်ဆောင်ကာ ရေဘေးဒဏ်ခံ ပြည်သူများလက်ထဲသို့ ခွဲဝေပေးမည်ဖြစ်သည်။

ယခုနှစ်ဇူလိုင်လမှစ၍ မြန်မာနိုင်ငံတွင် လေပြင်းမုန်တိုင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ ရေဘေးဒဏ်ခံခဲ့ရပြီး ဆိုးရွားလှသော အသက်အိုးအိမ် ထိခိုက်ဆုံးရှုံးမှုဖြစ်ပွားကာသောင်းနှင့်ချီသော ပြည်သူပြည်သားများသည် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံ၏ ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးပစ္စည်းများ ချို့တဲ့မှုအခြေအနေပေါ် မူတည်၍ ရွှေလီမြို့သည် ယွမ်နှစ်သိန်းကို အချိန်မီ စုဆောင်းထားပြီး ရေဘေးသင့်ဒေသများတွင် လိုအပ်လျက်ရှိသောဆန်၊ သောက်ရေသန့်၊ စားသုံးဆီစသည့် ကယ်ဆယ်ရေးပစ္စည်းများကို ဝယ်ယူခဲ့သည်။


ရွှေလီမြို့တော်ဝန် ရန်ရှန့်ဟုန်က "တရုတ်-မြန်မာ နှစ်နိုင်ငံတို့ဟာတောတောင်ရေမြေချင်း ဆက်စပ်ပါတယ်။ ရွှေလီနှင့် မူဆယ်ရှိ နယ်စပ်သူနယ်စပ်သားများဟာ နယ်ခြားဖြတ်ကျော်ပြီးနေထိုင်ကြတယ်၊ ဘာသာစကား၊ ရိုးရာဓလေ့အချင်းချင်းတူညီပြီး တည်တံ့ခိုင်မြဲတဲ့ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို တည်ထောင်ခဲ့တယ်။ ရေဘေးဒုက္ခဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံမူဆယ်မြို့ရဲ့ ချစ်ကြည်ရေးမြို့ဖြစ်တဲ့ ရွှေလီမြို့အနေနဲ့ ကူညီပေးသင့်မှာပဲ"ဟုပြောသည်။

မြန်မာနိုင်ငံမူဆယ်မြို့ အုပ်ချုပ်ရေးမှူးဦးကျော်ကျော်ထွန်းသည် ရွှေလီမြို့အစိုးရ၏ ကူညီမှုအတွက်ကျေးဇူးတင်ရှိကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းများကို ရေဘေးသင့် ဒေသများသို့ အချိန်မီပို့ဆောင်သွားမည်ဖြစ်ကြောင်းပြောသည်။

**ရန်ဟောက်ယုံ**

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn

# Hiltonသည် ယူနန်ဟိုတယ်လုပ်ငန်းကို ချစ်ကြိုက်




ရှုခင်းသာယာလှပ၍ ခရီးသွားရေး အရင်းအမြစ်ပေါများကြွယ်ဝသော ယူနန်ပြည်နယ်ကို အပြည်ပြည်ဆိုင်ရာ ဟိုတယ်လုပ်ငန်းများက ကြိုက်သထက် ကြိုက်လာကြသည်။ မကြာသေးမီ Hilton ကမ္ဘာလုံးဆိုင်ရာလုပ်ငန်း တရုတ်ဒေသနှင့် မွန်ဂိုးလီးယားဒေသရှိ အဆင့်မြင့်လုပ်ငန်း လည်ပတ်ရေး ဒုတိယဥက္ကဋ္ဌ Bruce Mckenzieသည် ကူမင်းမြို့သို့ ရောက်ရှိလာခဲ့သည်။ သတင်းထောက်သည် ၎င်းနှင့် တွေ့ဆုံမေးမြန်း၍ လီကျန်းမြို့နှင့် ယူရှီးမြို့တို့၌ ဟိုတယ်နှစ်ခု ဖွင့်လှစ်ခဲ့ပြီးသည့် နောက်ယခုနှစ်မကုန်မီ ကမ္ဘာကျော်ဟိုတယ် လုပ်ငန်းကြီးဖြစ်သည့် Hiltonကမ္ဘာလုံး ဆိုင်ရာလုပ်ငန်းသည် ယူနန်ပြည်နယ်၌ ဟိုတယ်နှစ်ခု အသစ်ဖွင့်လှစ်မည်ဖြစ် ကြောင်းသိရသည်။ ခန့်မှန်းခြေအရယနှစ်အတွင်း ယူနန်ပြည်နယ်၌ စုစုပေါင်းနာမည်ကျော် Hiltonဟိုတယ် (၄)ခုရှိနိုင်မည်ဖြစ်သည်။

ယူနန်ပြည်နယ်ကို အဘယ်ကြောင့် ချစ်ကြိုက်ရသည့် အကြောင်းကိုပြောမိ၍ မကြာသေးမီ သတင်းထောက်သည် ကူမင်းမြို့တွင် Bruce Mckenzieနှင့် တွေ့ဆုံမေးမြန်းရာတွင် ၎င်းက "တစ်ဇုန် တစ်လမ်း" မဟာဗျူဟာနှင့် တရုတ်ပြည်မှ တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူဖြာထွက်မှု စင်တာတည်ဆောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လာသည်နှင့်အမျှ ယူနန်ပြည်နယ်၏ တည်နေရာ အားသာချက်သည် ထင်ရှားသထက် ထင်ရှားလာနေကြောင်း၊ တောင်အာရှ၊ အရှေ့တောင်အာရှနှင့် ပိုမိုကျစ်လျစ်စွာ ဆက်သွယ်နေကြောင်း၊ ဟိုတယ်လုပ်ငန်း ဈေးကွက်လည်း ပိုမိုသက်ဝင်လာနေကြောင်း ပြောကြားသည်။

လွန်ခဲ့သည့် နှစ်များအတွင်း ခရီးသည်တို့သည် ယူနန်သို့ အမြောက်အမြား ဝင်ရောက်လာကြပြီး ယူနန်၏ ခရီးသွားလုပ်ငန်းကို တိုးတက်စေခဲ့သည်။ ခရီးသွားလုပ်ငန်း၏ "စား၊ နေ၊ သွား၊ လည်၊ ဝယ်၊ ပျော်"ဟူသော အဓိကအချက် (၆)ချက်အတွက် ပိုမိုသစ်လွင်မြင့်မားသောတောင်းဆိုချက်များ တင်ပြလာသည်။ "နေ"ရန်ဖြစ်သော ဟိုတယ်လုပ်ငန်းအတွက် လူများ၏ တောင်းဆိုချက် မြင့်မားလာပြီး လိုအပ်ချက်လည်း ပိုမိုကွဲပြားလာနေသည်။ ၎င်းအတွက် များပြားလှသော ကမ္ဘာကျော်ဟိုတယ် လုပ်ငန်းများသည် ယူနန်ပြည်နယ်သို့ တဖွဲဖွဲထိုးဖောက်လာကြသည်။ ယခုအထိ ယူနန်အတွင်း ကြယ်အဆင့်ပါဟိုတယ် (၈၆၀)ခုရှိကြောင်း၊ ၎င်းအနက် ကြယ်(၅)ပွင့်ပါဟိုတယ်(၁၉) ခု၊ ကြယ်(၄)ပွင့်ပါ ဟိုတယ်(၇၆)ခုရှိကြောင်းသိရသည်။

ဥပမာBanyan Tree၊ CROWN၊ Inter Continental၊ Wyndham၊ Pullmanစသည့် ကမ္ဘာကျော် ဟိုတယ်လုပ်ငန်းများသည် ယူနန်သို့ ရှေ့ဆင့်နောက်ဆင့် အခြေစိုက်လာပြီးနောက် Hiltonကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းသည် ယူနန် စီးလိကုမ္ပဏီများ အုပ်စုနှင့် ပူးပေါင်း၍ တည်ဆောက်ထားသော လီကျန်းစီးလိဟီလ်တန်ပန်းခြံဟိုတယ်သည် ယမန်နှစ်ဒီဇင်ဘာလတွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယင်းသည် Hiltonကမ္ဘာလုံးဆိုင်ရာလုပ်ငန်းမှ ယူနန်တွင် ပထမဦးဆုံးဖွင့်လှစ်ထားသော ဟိုတယ်တစ်ခုဖြစ်သည်။ Hiltonကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းက တရုတ်နိုင်ငံသို့ ဝင်ရောက်လာပြီးဖြစ်သည့် (၂၆)နှစ်အတွင်း ယူနန်ဈေးကွက်သို့ ပထမဦးဆုံး ဝင်ရောက်လာခြင်းဖြစ်သည်။ Hiltonကမ္ဘာလုံးဆိုင်ရာ လုပ်ငန်း တရုတ်တောင်ပိုင်းဒေသ အထွေထွေမန်နေဂျာPaul Hutoonက ဖွင့်ပွဲအခမ်းအနားတွင် လွန်ခဲ့သော(၁၀)နှစ်မှ (၁၅)နှစ်အတွင်း အများကဟိုင်နန်ကျွန်းကို သွားခဲ့ကြပြီး ယခုမှာမူအများက ယူနန်သို့ လာနေကြောင်း၊ အဘယ်ကြောင့် ဆိုသော် ယူနန်တွင် သာယာလှပသော တောတောင်ရေမြေ၊ စိမ်းလန်းစိုပြေသောမြစ်ချောင်း အင်းအိုင်နှင့် လတ်ဆတ်သော လေကောင်းလေသန့်များ ရှိသောကြောင့် ပင်ဖြစ်ကြောင်း ပြောကြားသည်။

"ဟီလ်တန်ပန်းခြံ ဟိုတယ်ဟာ ကြယ်(၄)ပွင့် ဟိုတယ်ဖြစ်ပြီး Hilton ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းအောက်မှ အလတ်စားအဆင့် အမှတ်တံဆိပ်ဖြစ်တယ်"ဟု Paul Hutoonu မိတ်ဆက်လိုက်သည်။ လက်ရှိလီကျန်းဈေးကွက်တွင် နိုင်ငံတကာအဆင့်မြင့် အမှတ်တံဆိပ်နှင့် ကြယ်(၅)ပွင့်ဟိုတယ်မှာ များသထက်များလာနေကြောင်း၊ ပန်းခြံဟိုတယ်ကို ခေါ်ယူထားခြင်းသည် အလတ်စားအဆင့်ဈေးကွက်ကို ရည်ရွယ်ခြင်းဖြစ်ပြီးလီကျန်းဟိုတယ်ဈေးကွက်၏ လိုအပ်ချက်လည်းဖြစ်ကြောင်း ၎င်းကပြောသည်။

"ယူနန်တစ်ခုလုံးဟာ ကျွန်တော်တို့ရဲ့အရေးကြီး ဈေးကွက်ဖြစ်တယ်"။ Bruce Mckenzieသည် ယူနန်၏စီးပွားရေးမှာ လျင်မြန်စွာတိုးတက်လာနေကြောင်း၊ ယမန်နှစ်တွင် ယူနန်၏ GDP သည် အလားတူကာလကထက် ၈.၁ ရာခိုင်နှုန်းအထိရှိပြီး တရုတ်တစ်ပြည်လုံး၏ပျမ်းမျှ တိုးတက်နှုန်းထက် သိသိသာသာကြီး မြင့်မားနေကြောင်း၊ ဤသို့သော စီးပွားရေးတိုးတက်မှု အရှိန်ဖြင့် ပိုမိုများပြားသော ရင်းနှီးမြှုပ်နှံသူနှင့် ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ယူဆထားသည်။ "ဒါဟာ ယူနန်ပြည်နယ်ရဲ့ ဟိုတယ်လုပ်ငန်း တိုးတက်ရေးအတွက် ပိုများတဲ့ အခွင့်အရေးဖန်တီးပေးနိုင်မယ်။ Hilton အနေနဲ့ ယူနန်မှာ အချိန်မီ စီမံဆောင်ရွက်ရတဲ့ အရေးကြီးအကြောင်းရင်းလည်းဖြစ်ပါတယ်"။ ထို့ကြောင့် Hiltonသည် ပိုမိုတက်ကြွစွာ အားထုတ်၍ ၎င်းလက်အောက်မှ ပိုများသောအမှတ်တံဆိပ်များကို စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး ပိုများသောဈေးကွက်လိုအပ်ချက်ကို ရောင့်ရဲပေးမည်ဖြစ်သည်။ ယခုနှစ် နှစ်ကုန်မတိုင်မီ Hiltonသည် တာ့လီနှင့် စစ်ဆောင်ပန်နားတို့တွင် ဟိုတယ်နှစ်ခု ဖွင့်လှစ်မည်ဖြစ်သည်။ ထို့ပြင်လက်ရှိတွင် ကူမင်းနှင့်ရှမ်းကေလီလားတို့မှ Hiltonစီမံကိန်းများကိုလည်း ကြိုတင်ပြင်ဆင်နေဆဲဖြစ်သည်။

**ကျူဟုံပင်း**

## ကူမင်းအကောက်ခွန်ဌာနသည် လတ်ဆတ်သောကုန်ပစ္စည်းများ ပိုမိုလျင်မြန်စွာဝင်ထွက်စေ

"ကျွန်တော်တို့ဟာ အင်တာနက်ပေါ်က ဂိတ်ဖြတ်ရန် လျှောက်ထားချက်နှင့် အခွန်ပေးသွင်းရန် လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပြီးပြီ။ လေယာဉ်ဆိုက်ရောက်လာပြီးသည့်နောက် ကုန်ပစ္စည်းစစ်ဆေးခြင်းမှ လေဆိပ်ကနေ ထုတ်ယူခြင်းအထိ မိနစ်(၂၀)ပဲ လိုတော့ပါတယ်"။ ယခုရက်ပိုင်းတွင် ကူမင်းလေဆိပ်အကောက်ခွန်ဌာနရှိ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းခွင်တွင် ဂိတ်ဖြတ်ရန် ကိစ္စရပ်များလုပ်ဆောင်နေသည့် ယူနန်ချီနိမ်ကုန်သွယ်ရေး ကုမ္ပဏီလီမိတက်ဝန်ထမ်း



ချိန်ဟုန်က အကောက်ခွန်ဌာန၏ ဝန်ဆောင်မှုလုပ်ငန်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာခြင်းကြောင့် ၎င်းတို့၏ လတ်ဆတ်သောကုန်ပစ္စည်းများသည် "လတ်ဆတ်" ဟူသောအမှတ်တံဆိပ် ရရှိနိုင်ခဲ့သည်ဟု သတင်းထောက်အား ထိုသို့ပြောဆိုခဲ့သည်။

စုံစမ်းမေးမြန်းခြင်းအရ ကူမင်းအကောက်ခွန်ဌာနသည် လတ်ဆတ်သောကုန်ပစ္စည်းများ လုပ်ကိုင်ကြသော ပို့ကုန်သွင်းကုန် လုပ်ငန်းအတွက် အစိမ်းရောင်ပြတင်းပေါက် ဖွင့်လှစ်ပေးခြင်း၊ "၂၄ နာရီ၊ (၅+၂)ကြိုတင်ဘိုကင်ဂိတ်ဖြတ်စနစ်"၊ သီးသန့်လမ်းကြောင်း၊ သေတ္တာထည့်ရင်း စစ်ဆေးခြင်းစသည့် ဝန်ဆောင်မှုပေးလုပ်ဆောင်ချက်များကို ကျင့်သုံးလျက်ရှိကြောင်းသိရသည်။ နောင်တွင် အကောက်ခွန်ဌာနသည် ဂိတ်ဖြတ်စနစ် ပိုမိုလွယ်ကူအောင် လုပ်ဆောင်သွားမည်ဖြစ်သည်။ ၎င်းတို့သည် ကူမင်းလေဆိပ်၊ ဟော်ခိုအကောက်ခွန်ဌာနတို့ကို စမ်းသပ်ဌာနအဖြစ် သတ်မှတ်၍ အသုတ်များစွာ တင်ပို့တင်သွင်းထားသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစသည့် လတ်ဆတ်၍ ပုပ်သိုးလွယ်သော၊ အချိန်ကြာကြာမထားသိုနိုင်သော ကုန်ပစ္စည်းများအတွက် ဂိတ်ဖြတ်ရန်လုပ်ငန်းများကို စုစည်းပြီးလုပ်ဆောင်သွား မည်ဖြစ်သည်။ လတ်ဆတ်သောကုန်ပစ္စည်းများကို တင်ပို့တင်သွင်းကြသောလုပ်ငန်းများအား လွယ်ကူလျင်မြန်စွာ ဂိတ်ဖြတ်စေရန် လုပ်ဆောင်သွားမည်ဖြစ်သည်။

လက်ရှိတွင် ယူနန်ချီနိမ်ကုမ္ပဏီသည် ယူနန်၏ပင်လယ်စာ ကုန်ပစ္စည်းတင်သွင်းမှုပမာဏအများဆုံးသော လုပ်ငန်းတစ်ခုဖြစ်သည်။ နှစ်စဉ်လေကြောင်းဖြင့်တင်သွင်းသော ပင်လယ်စာကုန်ပစ္စည်းပမာဏမှာ ယူနန်ဈေးကွက်၏ ၅၀ရာခိုင်နှုန်းရှိသည်။ ကုမ္ပဏီအထွေထွေမန်နေဂျာ လီချန်ချွင်း၏ မိတ်ဆက်ခြင်းအရလတ်ဆတ်သော ကုန်ပစ္စည်းများသည် အချိန်မီ ပို့ဆောင်သွားမှရပါကြောင်း၊ ကူမင်းအကောက်ခွန်ဌာနသည် ကုမ္ပဏီများအား အင်တာနက်ပေါ်မှ အခွန်ပေးချေသောစနစ်ကို ကျင့်သုံးခြင်းအားဖြင့် ဂိတ်ဖြတ်ရန်အရှိန်နှုန်းမြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင်ယခုနှစ်တွင် အကောက်ခွန်ဌာနသည် စက္ကူမဲ့ဂိတ်ဖြတ်မှုစနစ်၊ အကောက်ခွန်ဌာနချင်း အင်တာနက်ချိတ်ဆက်မှုစနစ်၊ အကောက်ခွန်ဌာနနှင့် စစ်ဆေးရေးဌာနချင်း ပူးပေါင်းဆောင်ရွက်မှုစနစ် စသည့်ဂိတ်ဖြတ်ရန် ပြုပြင်ပြောင်းလဲရေးများကို လုပ်ဆောင်ခြင်းဖြင့် ကုန်ပစ္စည်းများ ဂိတ်ဖြတ်ရန် အချိန်ကို ပိုမိုတိုတောင်းစေနိုင်ခဲ့ကြောင်း သိရသည်။

**ဝူဇင်**

# တာ့လီဓာတ်ပုံပြပွဲတွင် ပြသထားသောအင်တာနေရှင်နယ်စတိုင်လ်



ယခုခေတ် တောင်အာရှမှ အရှေ့တောင်အာရှအထိ၊ ပြီးခဲ့သည့်ရာစုနှစ် ဆိုဗီယက်နိုင်ငံမှ တရုတ်နိုင်ငံအထိ၊ အမေရိကန်၊ ဥရောပနှင့် လက်တင်အမေရိကတိုက်ရှိ နိုင်ငံများ၏သဘာဝ၊ ယဉ်ကျေးမှု၊ ကိုရီးယား၊ မြောက်အိုင်ယာလန်တို့၏ လက်ရှိလူမှုရေးအခြေအနေနှင့် လူနေမှုပုံစံအထိ . . တစ်စုပြီးတစ်စု ပြသထားသော ဓာတ်ပုံများသည်အများ၏စိတ်နှလုံးကို တုန်လှုပ်စေမိသည်။

မကြာမီ (၆)ကြိမ်မြောက် တာ့လီအင်တာနေရှင်နယ် ဓာတ်ပုံပြပွဲ(၂၀၁၅)ကိုရှေးဟောင်းမြို့တော် တာ့လီတွင် ကျင်းပခဲ့သည်။ တာ့လီအင်တာနေရှင်နယ်ဓာတ်ပုံပြပွဲသည် ၂၀၀၉ခုနှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုအထိ (၅)ကြိမ်တိုင်တိုင် အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။ တာ့လီမြို့အတွက် ကမ္ဘာ့သို့မျက်နှာမူသော ပြတင်းပေါက်တစ်ချပ်ကို ဖွင့်လှစ်ပေးပြီးဖြစ်သည်။ ယခုအကြိမ်ဓာတ်ပုံပြပွဲ၏ ခေါင်းစဉ်မှာ "အခြားနေရာ၌နေထိုင်ခြင်း---အိပ်မက်နှင့်လက်တွေ့" ဖြစ်သည်။ ပြပွဲအား နိုင်ငံတကာအဆင့်မီသော၊ အနုပညာကျသော၊ ထားသိုရန်တန်ဖိုးမြင့်မားသော၊ ဆန်းသစ်တီထွင်သော၊ အပြန်အလှန် ဖလှယ်နိုင်သော ပြပွဲကြီးအဖြစ် ကျင်းပသွားမည် ဖြစ်သည်။ ဓာတ်ပုံရိုက်လောက၏ တောင်အာရှကုန်စည်ပြပွဲ အဆင့်မီသောပြပွဲမျိုးအဖြစ် အဆင့်မြှင့်တင်ရန် ကြိုးစားသွားမည်ဖြစ်သည်။ "တစ်ဇုန်တစ်လမ်း"လူမှုဖလှယ်ရေး၏ စင်မြင့်ကြီးကို ရုပ်သံများဖြင့် ခင်းကျင်းဆောက်လုပ်သွားမည်ဖြစ်သည်။

ဓာတ်ပုံပြပွဲ၏ အရေးအကြီးဆုံးသောအချက်အဖြစ် ယခုအကြိမ်ပြပွဲ၏ ပြခန်းအရေအတွက်မှာ ယခင်နှစ်များ၏ (၁၅၀)ခန်းမှ ယခု(၃၀၀)ခန်းအထိ တိုးတက်လာသည်။ ၄င်းအနက် နိုင်ငံတကာပြခန်း(၁၅၀)ခန်းရှိပြီး စုစုပေါင်း ဓာတ်ပုံ (၁၅၀၀၀) ပုံရှိသည်။ ရှေးဟောင်းမြို့တွင်းရှိပြခန်းနေရာ (၁၂)နေရာတွင်ပြန့်ကြဲထားသည်။ ပြပွဲ၏ ပမာဏလည်းကြီးမား၊ အတိုင်းအတာလည်းကျယ်ပြန့်၊ အဆင့်အတန်းလည်း မြင့်မားသည်သာမက ပြပွဲတွင် ပါဝင်ပြသထားသော ဓာတ်ပုံများ၏ အဆင့်အတန်းနှင့် အရည်အသွေးတို့မှာလည်း ယခင်ပြပွဲများထက် ပိုမိုမြင့်မားလာသည်။

ယခင်ကျင်းပခဲ့သမျှ တာ့လီအင်တာနေရှင်နယ် ဓာတ်ပုံပြပွဲ၏ ထူးခြားချက်တစ်ချက်အဖြစ် ဓာတ်ပုံစကြိုပြပွဲသည် တာ့လီအင်တာနေရှင်နယ် ဓာတ်ပုံပြပွဲ၏ လှပသောနာမည် ကတ်တစ်ချပ်ပင်ဖြစ်လာသည်။ ယနှစ်ပြသထားသော ဓာတ်ပုံစကြိုပြပွဲသည် see+ဓာတ်ပုံပြစကြို၊ ဟွာချိန်လေလံတင်လုပ်ငန်း၊ ရှန်ဟဲဓာတ်ပုံပြစကြို၊ ချွမ်ရှီဓာတ်ပုံပြစကြို၊ စိန်းကျိန့်ထားသိုရန် ဓာတ်ပုံပြစကြို၊ အချိန်လေဟာနယ်စသည့် ပြည်တွင်းပြည်ပမှ ဓာတ်ပုံပြစကြိုအဖွဲ့အစည်းများ လာရောက်ပါဝင်ပြသရန် ဆွဲဆောင်နိုင်ခဲ့သည်။

ယခင်ပြပွဲများနှင့် နှိုင်းယှဉ်ပါက ယခုအကြိမ်ပြပွဲသည် ဓာတ်ပုံပြပွဲ၊ ဓာတ်ပုံစကြိုပြပွဲများ၏ အခြေခံပေါ်မူတည်၍ ဓာတ်ပုံရိုက် စက်ကိရိယာများပြပွဲ၊ DIPE စားပွဲဝိုင်းအစည်းအဝေး (တောင်အာရှ အရှေ့တောင်အာရှ ဥရောပဓာတ်ပုံပြပွဲဥက္ကဋ္ဌနှင့် ယဉ်ကျေးမှု အဖွဲ့အစည်းများ ထိပ်သီးအစည်းအဝေး)ကို တိုးမြှင့်ပေးပြီး ဆန်းသစ်တီထွင်မှုဖြင့်"၃+၁"ပုံစံအတိုင်း ကျင်းပနိုင်ခဲ့သည်။

ဓာတ်ပုံပြပွဲ၏ ပြခန်းနေရာများတွင် ဓာတ်ပုံများကို လာရောက်ကြည့်ရှုကြသောပရိသတ်များသည် ဝင်လာမစဲတသဲသဲဖြစ်နေသည်။ ဩစတြေးလျားနိုင်ငံ BALLARAT အင်တာနေရှင်နယ်ဓာတ်ပုံပြပွဲ ကျင်းပရေးကော်မတီအုပ်ချုပ်ရေးမှူးဖြစ်သူ Jeffrey oorfoot က "ဓာတ်ပုံပြပွဲ ကျင်းပခြင်းဟာ ဓာတ်ပုံရိုက်ခြင်းကို အများအားနားလည်သဘောပေါက်စေပြီး ဓာတ်ပုံများကိုရှုစားနှစ်သက်စေနိုင်တယ်"ဟု ယူဆထားသည်။

"ဓာတ်ပုံရိုက်ခြင်းဟာ အချစ်မေတ္တာပြည့်နှက်တဲ့ ကိရိယာတစ်မျိုးဖြစ်ပြီး တစ်ကမ္ဘာလုံးမှာအသုံးပြုတဲ့ ဘာသာစကားတစ်မျိုးလည်းဖြစ်ပါတယ်"ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံအင်တာနေရှင်နယ် ဓာတ်ပုံပြပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ Hahidul Alamကပြောသည်။ ဓာတ်ပုံရိုက်ခြင်းသည် လူလူချင်းဖလှယ်ရန်အတွက် အဆင်ပြေစေပြီး နိုင်ငံအချင်းချင်းဆက်သွယ်ဖလှယ်ရန်အတွက်လည်း ပေါင်းကူးတံတား တစ်စင်းဖြစ်ကြောင်း၊ ဓာတ်ပုံရိုက်ဆရာများ၏ တမူထူးခြားသောရှုထောင့်ကို အမှီပြု၍ တရုတ်နှင့်နိုင်ငံခြားဓာတ်ပုံများ အချင်းချင်းဖလှယ်ခြင်းဖြင့် ဓာတ်ပုံအရည်အသွေးကို မြှင့်တင်စေနိုင်သည့်အပြင် ကမ္ဘာ့နိုင်ငံများ၏ ယဉ်ကျေးမှုများကိုလည်း အပြန်အလှန်ဆက်သွယ်ဖလှယ်စေနိုင်ပြီး အရင်းအမြစ်များအတူတကွခံစားရန် အကောင်အထည်ဖော်ဆောင်စေနိုင်ကြောင်း ၄င်းကပြောသည်။

"ကျွန်တော်ဟာ ၂၀၀၉ခုနှစ်ကတည်းကတာ့လီမြို့ကို ရောက်ရှိခဲ့ဖူးတယ်။ ကျွန်တော်တာ့လီမြို့ကို အရမ်းကြိုက်ပါတယ်။ တာ့လီမြို့မှာ ကျင်းပတဲ့အင်တာနေရှင်နယ်ဓာတ်ပုံပြပွဲကိုလည်း အလွန်ဂရုစိုက်ပါတယ်"ဟု စင်ကာပူနိုင်ငံ အင်တာနေရှင်နယ် ဓာတ်ပုံပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌGwen Leeu ပြောသည်။ ဤနေရာတွင် တာ့လီအင်တာနေရှင်နယ်ဓာတ်ပုံပြပွဲသည် သေးငယ်လှသောစင်မြင့်မှ ကြီးမားပြီး အရေးကြီးသော အင်တာနေရှင်နယ် စင်မြင့်ကြီးအဖြစ်သို့ ပြောင်းလဲလာသည်ကို သူမတွေ့မြင်ရကြောင်း၊ ယင်းပြောင်းလဲလာသည့်ဖြစ်စဉ်တွင် စည်းလုံးညီညွတ်ခြင်း၏အင်အားကိုလည်း သူမတွေ့မြင်ရကြောင်း၊ ထို့ကြောင့် DIPE စားပွဲဝိုင်းအစည်းအဝေးဖြစ်သည့် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် ဥရောပဓာတ်ပုံပြပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများ ထိပ်သီးအစည်းအဝေးများကို သူမကကမကထပြုခဲ့ကြောင်း၊ DIPE စားပွဲဝိုင်းအစည်းအဝေးမှ တရုတ်နှင့် တောင်အာရှ၊ အရှေ့တောင်အာရှ နိုင်ငံအသီးသီး၏ ဓာတ်ပုံယဉ်ကျေးမှုကို တိုးတက်စေလိုကြောင်း၊ အာရှဒေသဓာတ်ပုံရိုက်လောကအကြား အပြန်အလှန်ဆက်သွယ်စေ၍ အာရှဓာတ်ပုံရိုက်ယဉ်ကျေးမှုအား အခြားဒေသများမှ ဓာတ်ပုံရိုက်ယဉ်ကျေးမှုနှင့် ပိုမိုနက်ရှိုင်းစွာပူးပေါင်းဖလှယ် စေလိုကြောင်း မျှော်လင့်ထားသည်။ ထို့ပြင်ယင်းစင်မြင့်မှတစ်ဆင့် ဓာတ်ပုံရိုက်အတတ်ကို ဖြန့်ဖြူးစေပြီး လူငယ်များအား ဓာတ်ပုံရိုက်ခြင်းအပေါ် နားလည်နှစ်သက်စေလိုကြောင်း မျှော်လင့်ထားသည်။





မြန်မာနိုင်ငံ ရန်ကုန်ဓာတ်ပုံပွဲတော် ကျင်းပရေးကော်မတီဥကဋ္ဌ Christophe Lovinyက ယခုခေတ်တွင် နည်းပညာ၏ တိုးတက်လာခြင်းသည် ဓာတ်ပုံရိုက်ခြင်းကိုပိုမို လွယ်ကူလာစေပြီးဖြစ်ကြောင်း၊ ထိုသို့သော နောက်ခံအောက်တွင် ဓာတ်ပုံရိုက်ဆရာအတွက် ဓာတ်ပုံရိုက်ခြင်း၏ အတွေးအခေါ်မှာ ပိုမိုအရေးကြီးလာနေကြောင်း၊ ဓာတ်ပုံပြပွဲနှင့် ဓာတ်ပုံပွဲတော်ကို ကျင်းပရာတွင် အရေးအကြီးဆုံးမှာ ဖလှယ်ခြင်း၊ မျှဝေခြင်းနှင့် ဆက်သွယ်မှုအချို့ကိုတည်ထောင်ခြင်းပင်ဖြစ်ကြောင်း၊ ယင်းသည် ဓာတ်ပုံရိုက် အတွေးအခေါ်ချင်း ထိတွေ့ရန်အတွက် အရေးပါသော အခန်းထဲပါဝင်နိုင်မှာ ဖြစ်ကြောင်းသတင်းထောက်အားပြောသည်။ သူသည်တာ့လီအင်တာနေရှင်နယ် ဓာတ်ပုံပြပွဲနှင့် DIPEစားပွဲဝိုင်းအစည်းအဝေးမှ တစ်ဆင့် မြန်မာနှင့် တရုတ်ဓာတ်ပုံရိုက်အတွေးအခေါ်ချင်း ထိတွေ့ဆက်ဆံစေပြီး ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဖလှယ်ကာ နှစ်ဦးနှစ်ဘက်အတွက် စစ်မှန်သော ပေါင်းကူးတံတားတစ်စင်း ဆောက်လုပ်ပေးမည်ဟု မျှော်လင့်ကြောင်း ၄င်းကပြောကြားသွားသည်။

ကျွမ်းကျွင့်ဟွာ

■ တစ်မျိုးသားလုံး၏ဂျပန်ခုခံရေးစစ်ပွဲ • ယူနန်မှတ်တမ်း

အယ်ဒီတာမှတ်ချက်။ ၁၉၃၇ ခုနှစ်ဇူလိုင်လ ၇ ရက်တွင် ဂျပန်ကျူးကျော်ရေးသမားများက တရုတ်အမျိုးသားတစ်ရပ်လုံးကို ပြည်ပျက်အိမ်ပျောက်လုသော ဘေးအန္တရာယ်အခြေအနေသို့ ကျရောက်စေတော့သည်။ တရုတ်ပြည်သူများသည် တစ်မျိုးသားလုံးအတိုင်းအတာနှင့် ဆင်းရဲပင်ပန်းမှုအထူးခံနိုင်ရည်ဖြင့် သမိုင်းဝင် ဂျပန်ခုခံရေးစစ်ပွဲထဲပါဝင်ဆင်နွှဲခဲ့ကြသည်။

ယူနန်ပြည်နယ် အထူးသဖြင့် ယူနန်ပြည်နယ်၏ အနောက်ပိုင်းဒေသသည် တရုတ်တစ်မျိုးသားလုံး၏ ဂျပန်ခုခံရေးစစ်ပွဲ စစ်မြေပြင်ကြီးသုံးခုအနက် တစ်ခုဖြစ်ပြီး တရုတ်တစ်မျိုးသားလုံးဂျပန် ခုခံရေးစစ်ပွဲ၏ နောက်တန်းလည်းဖြစ်သောကြောင့် ဂျပန်ခုခံရေးစစ်ပွဲ၏ အောင်မြင်ရေးအတွက် ကြီးမားစွာအကျိုးဆောင်ခဲ့သည်။ ဤမဂ္ဂဇင်းသည် "တစ်မျိုးသားလုံး၏ ဂျပန်ခုခံရေးစစ်ပွဲ • ယူနန်မှတ်တမ်း" ကော်လံဖြင့် စာဖတ်သူပရိသတ်ကြီးများ ဖတ်ရှုနိုင်ရန်အတွက် ဆောင်းပါး စီးရီးဖြင့် ထည့်သွင်းဖော်ပြသွားမည်ဖြစ်သည်။

# ဟွေ့ထုံးတံတား . . . တရုတ်အမျိုးသားများဂျပန်ခုခံရေးစစ်ပွဲကံကြမ္မာ၏ကျောရိုး



အချိန်-၂၀၁၅ ခုနှစ်ဇူလိုင်လ ၁၁ ရက်။ နေရာ-လုံလင်ခရိုင်၊ နုကျန်းမြစ် အနောက်ဘက်ကမ်း။ ခြစ်ခြစ်တောက်ပူပြင်းလှသောနေသည် မြေကြီးကိုကင်နေသည်။ ဟွေ့ထုံးတံတား အနားတွင် တစ်ခါတစ်ရံ ကားရပ်သူရှိပြီး ခပ်လောလောဓာတ်ပုံရိုက်၊ ခပ်လောလောခရီးနှင်ကြသည်။ ဤနေရာ၌ တံတားအပေါ်ယံ မျက်နှာပြင်ရှိ သစ်သားများကိုဖြုတ်ပြီးသော "တံတားအရိုး"၊ တံတားဦးတွင် ခံတပ်နှစ်ခု၊ တုတ်ခိုင်သောသံမဏိကြိုးနှင့် တံတားဦးတွင် စိုက်ထူထားသော "ယူနန်ပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဌာန" ကျောက်တိုင်တို့ဖြင့် ယနေ့ဟွေ့ထုံးတံတားအလုံးစုံကို ဖွဲ့စည်းထားသည်။

အချိန်သည် လွန်းပျံသကဲ့သို့လျင်မြန်စွာကုန်လွန်သွားသည်။ ပြီးခဲ့သည့် နှစ်(၇၀)က ဟွေ့ထုံးတံတားပေါ်တွင် ယာဉ်ရထားများ စည်ကားစွာ ဥဒဟိုသွားလာ၍ အမြောက်ယမ်းငွေ့ ဝေလျက်သေကွဲရှင်ကွာခဲ့သမျှများသည် သမိုင်းရေစီးကြောင်းတွင် ပျောက်ကွယ်သွားပြီဖြစ်သည်။ သို့သော် တစ်ဖက်က ဂျပန်ခုခံရေးစစ်ပွဲ၏ နောက်ကြောင်းကြီးနှင့် ဆက်သွယ်ထားပြီး နောက်တစ်ဖက်က ယူနန်အနောက်ပိုင်း ဂျပန်ခုခံရေးစစ်ပွဲ၏ ရှေ့တန်းစစ်မျက်နှာနှင့် ဆက်သွယ်ထားသောဟွေ့ထုံးတံတားမှ တရုတ်တစ်မျိုးသားလုံး ဂျပန်ခုခံရေးစစ်ပွဲ၏ ကံကြမ္မာကို ပြောင်းလဲစေနိုင်ခဲ့သည်။

အစပိုင်းတွင် ဟွေ့ထုံးတံတားသည် တရုတ်ချင်းမင်းဆက်အနှောင်းပိုင်းတွင် ဆောက်လုပ်ထားသော သံကြိုးတံတားတစ်စင်းဖြစ်ပြီး ၁၉၀၀ ပြည့်နှစ်ကတည်းကပင် စွန့်ပစ်ခဲ့ပြီးဖြစ်သည်။ ၁၉၃၂ ခုနှစ် ကျမ္မာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်အိုဗာစီရေးရာအသင်းဥက္ကဋ္ဌဖြစ်သူ လျန်ကျင်းစန်းမှ ငွေနှစ်သောင်းလှူဒါန်း၍ အိန္ဒိယအင်ဂျင်နီယာနှင့် တရုတ်အိုဗာစီကျွမ်းကျင်သူအလုပ်သမားများကို ဖိတ်ခေါ်ကာ ယင်းတံတားကို ပြန်လည်ဆောက်လုပ်ထားခြင်းဖြစ်သည်။

၁၉၃၇ခုနှစ်"၇ • ၇ အရေးအခင်း" ဖြစ်ပွားခဲ့ပြီး ဂျပန်ကျူးကျော်ရေးသမားသည် တရုတ်နိုင်ငံကို ဘက်စုံ ကျူးကျော်လာတော့သည်။ ထိုအခါ ဂျပန်စစ်တပ်သည် တရုတ်နိုင်ငံမှ နိုင်ငံတကာနှင့် ဆက်သွယ်ထားသော ကုန်းကြောင်းရေကြောင်းလမ်းအများစုကို ပိတ်ဆို့ထားသည်။ နောက်ဆုံးပို့ဆောင်ရေး လမ်းကြောင်းဖြစ်သည့် ယူနန်-ဗီယက်နမ်ရထားလမ်းကိုလည်း ဗီယက်နမ်နိုင်ငံ၏ ကျဆုံးမှုကြောင့် ပိတ်ဆို့ခံခဲ့ရသည်။ ဂျပန်ခုခံရေးစစ်ပွဲ၏ အသက်သွေးကြောကို ဖောက်လုပ်နိုင်ရန် ယူနန်အနောက်ပိုင်းဒေသမှ တိုင်းရင်းသားလူနည်းစု အသီးသီးတို့သည် လုပ်အားနှစ်သိန်းဖြင့် ယူနန်-မြန်မာလမ်းမကို ဖောက်လုပ်ခဲ့ကြသည်။

၁၉၃၈ ခုနှစ်တွင် ယူနန်-မြန်မာလမ်းမဖောက်လုပ်ရာတွင် ခံနိုင်စွမ်းမြှင့်တင်ရန်အတွက် ဟွေ့ထုံးတံတားအား ကြံ့ခိုင်သော ကားလမ်းတံတားအဖြစ် ပြုပြင်လာတော့သည်။ တစ်ကြိမ်လျှင် (၁၀)တန် တင်ကားတစ်စီးဖြတ်ကူးနိုင်သည်။ တိုက်ပွဲ ပိုမိုပြင်းထန်လာသည်နှင့်အမျှ ယူနန်-မြန်မာလမ်းမသည် ဂျပန်ခုခံရေးစစ်ပွဲ၏ အသက်သွေးကြောဖြစ်သွားပြီး ဟွေ့ထုံးတံတားသည်လည်း ယင်းအသက်သွေးကြော၏ လည်ချောင်းဖြစ်သွားတော့သည်။ ယင်းလည်ချောင်းကို ချိုးဖြတ်ပစ်ရန် ၁၉၄၀ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ဂျပန်စစ်တပ်များသည် ဟွေ့ထုံးတံတားကို ဖျက်ဆီးရန် (၆)ကြိမ်တိုင်တိုင် လေယာဉ်(၁၆၈) စင်းစေလွှတ်ပြီး ဗုံး(၄၀၀၀)ကျော် ချခဲ့သည်။ အကြိမ်တိုင်း ဗုံးကြဲတိုက်ခိုက်ခြင်းသည် ဟွေ့ထုံးတံတားအတွက် ပျက်စီးမှု အသင့်အတင့်ဖြစ်စေခဲ့သော်လည်း ဟွေ့ထုံးတံတားသည် နုကျန်းမြစ်ပေါ်တွင် မားမားမတ်မတ် ရပ်တည်နေဆဲဖြစ်သည်။

၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလတွင် တရုတ်အဝေးရောက် တပ်မတော်သည် မြန်မာပြည်တွင်းသို့ ဝင်ရောက်ပြီး ဂျပန်တပ်ဖွဲ့နှင့်စစ်တိုက်ခဲ့ကာ စစ်သည်အများစုမှာ တိုင်းတပါးတွင် ကျဆုံးခဲ့ရသည်။ မေလ ၃ရက်တွင် နောက်မှထက်ကြပ်မကွာလိုက်လံတိုက်ခိုက်လာသော ဂျပန်စစ်တပ်သည် နိုင်ငံ့မုခ်ဦးဖြစ်သည့် ဝမ်တိန်မှ တရုတ်ပြည်တွင်းသို့ ဝင်ရောက်လာသည်။ ဟွေ့ထုံးတံတားကို အရယူ၊ ကူမင်းမြို့ကိုသိမ်းပိုက်၊ ထိုမှတစ်ဆင့်ချုံချင်းမြို့ကိုပါတိုက်ခိုက်ရန် ကြံစည်ခဲ့သည်။

ဟွေ့ထုံးတံတားကို လုယူသည့်နေ့တွင်ဂျပန်၏ အမြန်တပ်ဖွဲ့အင်အား(၅၀၀)ကျော်သည် အစိတ်စိတ်အပိုင်းပိုင်းခွဲ၍ ဒုက္ခသည်များအဖြစ် ရုပ်ဖျက်ပြီး ကားစီးခြင်း၊ ခြေလျင်သွားခြင်းဖြင့် ဟွေ့ထုံးတံတားကို လူမသိနတ်မသိအောင် လုယူရန်ကြံစည်ခဲ့သည်။ သို့သော် မတော်တဆမှု တစ်ခုကြောင့် အခြေအနေကို ပြောင်းလဲစေနိုင်ခဲ့သည်။ တံတားလုယူသည့်နေ့တွင် စီးပွားရှင်တစ်ဦး၏ ကုန်တင်ကားတစ်စီးသည် တံတားဦးတွင် ကန့်လန့်ရပ်ထားပြီး ကြိတ်ကြိတ်တိုးနေပြီးဖြစ်သည့် ဟွေ့ထုံးတံတားအား ပိုမိုရှုပ်ထွေးစေတော့သည်။ တံတားစောင့် တပ်သားသည် ကုန်တင်ကားကို မြစ်ထဲသို့ တွန်းချသွားလိုသောကြောင့် အဆိုပါစီးပွားရှင်နှင့် အငြင်းပွားမှု ဖြစ်ပွားလာသည်။ တပ်သားများသည် စိတ်လောရာမှ သေနတ်ပစ်ပြီး သတိပေးခဲ့ရာ ဂျပန်စစ်တပ်သည် ၎င်းတို့၏လျှို့ဝှက်ချက်ကို ပေါက်ကြားသွားပြီဟုအထင်မှားသွားပြီး ချက်ချင်း တိုက်ခက်တော့သည်။ ယင်းအလွန်စိုးရိမ်ဘွယ်ကောင်းသော အရေးကြီးအချိန်မျိုးတွင် တံတား စောင့်တပ်သားများသည် တံတားပေါ်တွင် ကြိုတင်မြှုပ်ထားသောယမ်းထုတ်များကို ဖောက်ခွဲနိုင်ခဲ့သည်။

ဟွေ့ထုံးတံတား ပေါက်ကွဲသွားသည့်တစ်ခဏတည်း တရုတ်တစ်ပြည်လုံး၏ဂျပန်ခုခံရေး အခြေအနေသည်လည်း ၎င်းပေါက်ကွဲမှုနှင့် တစ်ပြေးညီစွာ ပြောင်းလဲသွားတော့သည်။

တရုတ်ပြည်တွင်းသို့ လျင်မြန်စွာ ကျူးကျော်လာသည့် ဂျပန်စစ်တပ်သည် နုကျန်းမြစ်၏ အနောက်ဖက်ကမ်းတွင် ရပ်ဆိုင်းခဲ့ရသည်။ ထိုအချိန်မှစ၍ (၂) နှစ်အတွင်း တရုတ်-ဂျပန်တပ်ဖွဲ့ နှစ်ရပ်တို့သည် မြစ်ခြားပြီး ရန်တုလာတော့သည်။ ဟွေ့ထုံးတံတား"သေ"သွားသော်လည်း ကျူးကျော်မှုမခံရသောပိုင်နက်နယ်မြေများကို ကာကွယ်ထိမ်းသိမ်းနိုင်ခဲ့သည်။

၁၉၄၄ ခုနှစ် မေလတွင် တရုတ်အဝေးရောက်တပ်မတော်သည် နုကျန်းမြစ်ကို ဇွတ်အတင်းဖြတ်ကူးပြီး နာမည်ကျော် "ယူနန်အနောက်ပိုင်း တုံ့ပြန်တိုက်ခိုက်ရေးတိုက်ပွဲ"ကို ဆင်နွှဲခဲ့သည်။ ယင်းနှစ် ဩဂုတ်လတွင် ဟွေ့ထုံးတံတားအပေါ် ပြုပြင်ခြင်းအားဖြင့် ပေါက်သွားတော့သည်။ များပြားလှသော စစ်ပစ္စည်းများကို ယူနန်အနောက်ပိုင်းရှိ တုံ့ပြန်တိုက်ခိုက်ရေးစစ်မျက်နှာများသို့ ပို့ဆောင်ပေးခဲ့သည်။ ဟွေ့ထုံးတံတား၏ ပြန်လည်သက်ဝင်လာခြင်းသည် ဂျပန်ကျူးကျော်ရေးသမားများအတွက် ဇီဝိန်ကြွေစေခဲ့သည်။ ၁၉၄၅ ခုနှစ်ဇန်နဝါရီလတွင် ယူနန်အနောက်ပိုင်း ဂျပန်ခုခံရေးစစ်ပွဲသည် နောက်ဆုံး အောင်ပွဲခံခဲ့ရသည်။



တရုတ်ပြည်သစ် တည်ထောင်ပြီးသည့်နောက် ဟွေ့ထုံးတံတားသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုး တက်မှုလိုအပ်ချက်နှင့် လိုက်လျောညီထွေနိုင်မှာ မဟုတ်တော့ပါ။ ၁၉၇၄ ခုနှစ် ဇွန်လတွင် ဟွေ့ထုံးတံတား၏ မြစ်ကြေဖြစ်သည့် မီတာ(၄၀၀)အကွာတွင် ယူနန်အနောက်ပိုင်းမှ အရှည်ဆုံးသော သံကူကွန်ကရစ်သေတ္တာဖြတ်ပိုင်း ပုံခုံးတံတားဖြစ်သည့် ဟုန်ချီတံတားဖွင့်လှစ်လာသည်နှင့် အမျှ ဟွေ့ထုံးတံတားသည် ၎င်းသမိုင်းပေးတာဝန်ကို ပြီးမြောက်ခဲ့သည်။

ယနေ့တွင် ဟွေ့ထုံးတံတားသည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်လာသော်လည်းယခင်အတိုင်း ခန့်ညားတည်ကြည်နေဆဲဖြစ်ပြီး မြစ်ကမ်းနှစ်ဖက်၏ ပြောင်းလဲတိုးတက်ပုံကို ငြိမ်သက်စွာသက်သေပြနေဆဲဖြစ်သည်။ တရုတ်ပြည်သူများက ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲ၏ မော်ကွန်းတိုင်တစ်ခုဖြစ်လာတော့သည်။

ရွှေရိန်လင်